# စာပေ သို့မဟုတ် အနုပညာလက်ရာ မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်ချက်များ (CR-1)

မူပိုင်ခွင့်ဦးစီးဌာန

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## စာပေ သို့မဟုတ် အနုပညာလက်ရာ မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်ချက်များ (CR-1)

**စာပေ သို့မဟုတ် အနုပညာလက်ရာ မှတ်ပုံတင်လျှောက်ထားလိုသူသည် လျှောက်လွှာပုံစံ (CR-1) ကို ပြည့်စုံစွာဖြည့်စွက်၍ လျှောက်ထားရမည်။ ယင်းသို့ ဖြည့်စွက်ရာတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖြည့်စွက်နိုင်သည်။**

**လျှောက်ထားသူ**

၁။ (က) လျှောက်ထားသူအမျိုးအစားအား ရွေးချယ်၍ ☐ အကွက်ထဲတွင် အမှတ်အသား (✓) ပြုရမည်။ လျှောက်ထားသူတစ်ဦးထက်ပိုပါက ☐ အကွက်ထဲတွင် အမှတ်အသား ☑ ပြု၍ နောက်ထပ် စာရွက်တွင် ပူးတွဲလျှောက်ထားသူများ၏ အချက်အလက်များကို ပြည့်စုံစွာဖြည့်စွက်ကာ A4 စာရွက်ဖြင့် ပူးတွဲတင်ပြရမည်။

ဥပမာ-

လျှောက်ထားသူအမျိုးအစားမှာ-

-မူလလက်ရာရှင်ဖြစ်လျှင် ☑ **မူလလက်ရာရှင်**

-အမွေဆက်ခံသူဖြစ်လျှင် ☑ **အမွေဆက်ခံသူ**

(ခ) (၁) လျှောက်ထားသူသည် ပုဂ္ဂိုလ်တစ်ဦးချင်းအမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင်-

(ကက) အမည်၊

*ဥပမာ- **ဦးဖြူ***

-အခြားအမည် (ရှိလျှင်)- အနုပညာအမည်ကို ဖော်ပြရမည်။

ဥပမာ- ***မောင်မောင်(ပျဉ်းမနား)***

(ခခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

ဥပမာ- ***၉/ပမန(နိုင်)၁၂၃၄၅၆***

(ဂဂ) နိုင်ငံသား

*ဥပမာ- **မြန်မာ***

(ဃဃ)အမြဲတမ်းနေထိုင်ရာနိုင်ငံအမည်

*ဥပမာ- **မြန်မာနိုင်ငံ***

(ငင) နေရပ်လိပ်စာအပြည့်အစုံ

လျှောက်ထားသူ၏ နေရပ်လိပ်စာအပြည့်အစုံကို ဖော်ပြရမည်-

ဥပမာ- ***အမှတ်(၅၄)၊ ရတနာလမ်း၊ ဇလသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်***

(စစ) နိုင်ငံ

*ဥပမာ- **မြန်မာနိုင်ငံ***

(ဆဆ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

*ဥပမာ- **0673430597***

[uphyu2023@gmail.com](mailto:uphyu2023@gmail.com)

**နိုင်ငံခြားသားဖြစ်လျှင်-**

(ကက)အမည်၊

*ဥပမာ- **Mr. Sam Ji Khan***

အခြားအမည် (ရှိလျှင်)- အနုပညာအမည်ကို ဖော်ပြရမည်။

ဥပမာ- ***Khan***

(ခခ) နိုင်ငံကူးလက်မှတ်အမှတ်

*ဥပမာ- **H 123456***

(ဂဂ) နိုင်ငံသား

*ဥပမာ- **India***

(ဃဃ)အမြဲတမ်းနေထိုင်ရာနိုင်ငံအမည်

*ဥပမာ- **India။***

(ငင) နေရပ်လိပ်စာအပြည့်အစုံ

လျှောက်ထားသူ၏ နေရပ်လိပ်စာအပြည့်အစုံကို ဖော်ပြရမည်-

ဥပမာ- ***Main Street, Mumbai, India***

(စစ) နိုင်ငံ

*ဥပမာ- **India။***

(ဆဆ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

*ဥပမာ- **+91223456789***

[samji@gmail.com](mailto:samji@gmail.com)

(၂) လျှောက်ထားသူသည် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်း(ကုမ္ပဏီ) အမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင်-

(ကက) အဖွဲ့အစည်း(ကုမ္ပဏီ) အမည်အပြည့်အစုံ

*ဥပမာ- **Orange ကုမ္ပဏီလီမိတက်***

(ခခ) အဖွဲ့အစည်း (ကုမ္ပဏီ)မှတ်ပုံတင်အမှတ်

ဥပမာ- ***202312345678***

(ဂဂ) အဖွဲ့အစည်း(ကုမ္ပဏီ)အမျိုးအစား

ဥပမာ- ***ပုဂ္ဂလိကပိုင် ကုမ္ပဏီလီမိတက် (Private Company Ltd)***

***ကော်ပိုရေးရှင်း (Corporation)/ အသင်းအဖွဲ့ (Association)***

**မှတ်ချက်။ ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီ၊ ကော်ပိုရေးရှင်းနှင့် အသင်းအဖွဲ့/ အဖွဲ့အစည်း/ လုပ်ငန်း စသော အမျိုးအစားအမည်များ ဖော်ပြရမည်။**

(ဃဃ) လိပ်စာအပြည့်အစုံ

အဖွဲ့အစည်း(ကုမ္ပဏီ)တည်ရှိရာ လိပ်စာအပြည့်အစုံတို့ကို ဖော်ပြရမည်-

ဥပမာ- ***အမှတ် (၇)၊ သစ္စာလမ်း၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။***

(ငင) နိုင်ငံ

အဖွဲ့အစည်း(ကုမ္ပဏီ) တည်ရှိရာ နိုင်ငံအမည်ကို ဖော်ပြရမည်-

ဥပမာ- *မြန်မာနိုင်ငံ*

(စစ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ- ***0673430597***

[orange111@gmail.com](mailto:orange111@gmail.com)

**မူလလက်ရာရှင်**

| **မှတ်ချက်။** | **လျှောက်ထားသူသည် မူလလက်ရာရှင် သို့မဟုတ် ပထမမူပိုင်ခွင့်ပိုင်ရှင်အဖွဲ့အစည်းဖြစ်လျှင် မူလလက်ရာရှင် အချက်အလက်များအား ဖြည့်စွက်ရန် မလိုပါ။** |
|---|---|

၂။ မူလလက်ရာရှင်အမည်၊ အခြားအမည်(ရှိလျှင်) တို့ကို ဖြည့်စွက်ပေးရမည်-

(က) မူလလက်ရာရှင်အမည်

ဥပမာ- ***ဦးထွန်းထွန်း***

(ခ) အခြားအမည်(ရှိလျှင်)- အနုပညာအမည်ကို ဖော်ပြရမည်။

ဥပမာ- ***ထွန်းထွန်း(ပျဉ်းမနား)***

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

ဥပမာ- ***၉/ပမန (နိုင်) ၁၂၃၄၅၆***

(ဃ) နိုင်ငံသား

ဥပမာ- ***မြန်မာ***

(င) အမြဲတမ်းနေထိုင်ရာနိုင်ငံအမည်

ဥပမာ- ***မြန်မာနိုင်ငံ***

(စ) နေရပ်လိပ်စာအပြည့်အစုံ

မူလလက်ရာရှင်၏ လိပ်စာအပြည့်အစုံကို ဖော်ပြရမည်-

ဥပမာ- ***အမှတ်(၁၀၀)၊ ရေဝတီလမ်း၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်***

(ဆ) နိုင်ငံ

ဥပမာ- ***မြန်မာနိုင်ငံ***

(ဇ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ- ***09-123456789***

[htunhtun@gmail.com](mailto:htunhtun@gmail.com)

**နိုင်ငံခြားသားဖြစ်လျှင်-**

(က) မူလလက်ရာရှင်အမည်

ဥပမာ-***Mr. Ku Mar***

(ခ) အခြားအမည်(ရှိလျှင်)-အနုပညာအမည်ကို ဖော်ပြရမည်။

ဥပမာ-***Vijay***

(ဂ) နိုင်ငံကူးလက်မှတ်အမှတ်

ဥပမာ- ***G 123456***

(ဃ) နိုင်ငံသား

ဥပမာ- ***India***

(င) အမြဲတမ်းနေထိုင်ရာနိုင်ငံအမည်

ဥပမာ- ***India***

(စ) နေရပ်လိပ်စာအပြည့်အစုံ

မူလလက်ရာရှင်၏ လိပ်စာအပြည့်အစုံကို ဖော်ပြရမည်-

ဥပမာ-***Main Street, Mumbai, India***

(ဆ) နိုင်ငံ

ဥပမာ- ***India***

(ဇ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ- **+9122123456789**

***kumar@gmail.com***

**မှတ်ချက်။ မူလလက်ရာရှင်တစ်ဦးထက်ပိုလျှင် နောက်ထပ်စာရွက်အသုံးပြု၍ အချက်အလက်များပြည့်စုံစွာဖြည့်စွက်ကာ *A4* စာရွက်ဖြင့် ပူးတွဲတင်ပြရမည်။**

**ကိုယ်စားလှယ်**

၃။ (က) ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေ ၂ နည်းဥပဒေခွဲ (ဃ)နှင့်အညီ မြန်မာနိုင်ငံသားကိုသာ ကိုယ်စားလှယ်လွှဲအပ်ရမည်ဖြစ်ပြီး ကိုယ်စားလှယ်လွှဲအပ်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်ရမည်-

(၁) အမည်

ဥပမာ- ***ဦးကျော်ကျော်***

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

ဥပမာ- ***၇/ပခန(နိုင်)၁၂၃၄၅၆***

(၃) ကိုယ်စားလှယ်၏ လိပ်စာအပြည့်အစုံ (လုပ်ငန်းဆောင်ရွက်သည့်လိပ်စာ)ကို ဖော်ပြရမည်-

ဥပမာ- ***အမှတ် (၁၂၃)၊ ရတနာလမ်း၊ ပညာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ မြန်မာနိုင်ငံ။***

(၄) တယ်လီဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ

ဥပမာ- ***09-123456789***

***kyawkyaw@gamil.com***

(ခ) ကိုယ်စားလှယ်လွှဲအပ်ရာတွင် လျှောက်ထားချက်တစ်ခုအတွက် ကိုယ်စားလှယ်တစ်ဦးသာ လွှဲအပ်ရမည်။ ကိုယ်စားလှယ်လွှဲအပ်၍ ဆောင်ရွက်လျှင် ကိုယ်စားလှယ်လွှဲစာ (CR-10) ကို ပူးတွဲ တင်ပြရမည်။

(ဂ) လျှောက်ထားသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူမဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် နိုင်ငံတော်အတွင်းနေထိုင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသည့် အသက် ၁၈ နှစ် ပြည့်ပြီးသူကို ကိုယ်စားလှယ်အဖြစ် လွှဲအပ်၍ ဆောင်ရွက်ရမည်။ ၎င်း၏ အမြဲတမ်း နေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်အဖွဲ့အစည်း တည်ထောင်ထားသည့်နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်လွှဲစာမိတ္တူကို ပူးတွဲတင်ပြရမည်။

**လက်ရာအမျိုးအစား**

၄။ မှတ်ပုံတင်လျှောက်ထားရာတွင် မိမိလျှောက်ထားမည့် လက်ရာအမျိုးအစားအလိုက် "သက်ဆိုင်ရာလက်ရာအား အမှတ်အသားပြုပါ" ဆိုသည့်အကွက်တွင် အမှတ်အသား (✓) ပြုရမည်။ လက်ရာအမျိုးအစား တစ်ခုစီတွင် အကျုံးဝင်သည့် အုပ်စုတူလက်ရာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | လက်ရာအမျိုးအစား | အုပ်စုတူလက်ရာအမျိုးအစား | ပူးတွဲရမည့်ပုံစံ |
|---|---|---|---|
| (က) | စာပေလက်ရာ | -စာအုပ်များ၊<br>-လက်ကမ်းစာစောင်၊<br>-စာစောင်၊<br>-ဂျာနယ်၊<br>-မဂ္ဂဇင်း၊<br>-ကဗျာ၊<br>-ဝတ္ထု၊<br>-ဆောင်းပါး၊<br>-သုတေသနစာတမ်း၊<br>-ဇာတ်ညွှန်း၊<br>-သီချင်းစာသား၊<br>-လက်စွဲစာအုပ်၊<br>-အစီရင်ခံစာ၊<br>-ပညာသင်ကြားရေးဆိုင်ရာစာအုပ်စာတမ်း၊ | အီလက်ထရောနစ်ကြားခံပစ္စည်းတစ်ခုခုတွင် ထည့်သွင်းထားသော မိတ္တူနှင့် ယင်းလက်ရာ၏ မိတ္တူတစ်စုံ သို့မဟုတ် အွန်လိုင်းဖြင့် လျှောက်ထားလျှင် အီလက်ထရောနစ်မိတ္တူ၊<br>(**မှတ်ချက်**။ ကွန်ပျူတာပရိုဂရမ်၊ ဂိမ်း တို့ကို လျှောက်ထားခြင်းဖြစ်လျှင် Source code ကိုပါ ပူးတွဲတင်ပြရမည်။) |

| စဉ် | လက်ရာအမျိုးအစား | အုပ်စုတူလက်ရာအမျိုးအစား | ပူးတွဲရမည့်ပုံစံ |
|---|---|---|---|
| | | -ကွန်ပျူတာပရိုဂရမ်၊<br>- ဂိမ်း<br>-ပြောကြားချက်၊<br>-ပို့ချချက်၊<br>-မိန့်ခွန်း၊<br>-တရားဓမ္မဟောကြားချက်၊<br>-အခြားဟောပြောချက်များ၊ | |
| (ခ) | အနုပညာလက်ရာ | -ရေးဆွဲသည့်လက်ရာ(ဥပမာ-ပန်းချီ)၊<br>-ရေးခြစ်သည့်လက်ရာ၊<br>-ဆေးခြယ်သည့်လက်ရာ၊<br>-ပန်းပုလက်ရာ၊<br>-ထုဆစ်သွန်းလုပ်သည့်လက်ရာ၊<br>-ထွင်းထုသည့်လက်ရာ၊<br>-ရောင်စုံဖန်မှန် ကျောက်မျက်ရတနာဖြင့် စီချယ်ပြုလုပ်ထားသည့်လက်ရာ၊<br>-သစ်သားဖြင့် ပြုလုပ်သည့်လက်ရာ၊<br>-အိုးထိန်းအတတ်ပညာဖြင့် ပြုလုပ်သည့်လက်ရာ၊<br>-သတ္တုထည်၊<br>-မြေထည်၊<br>-လက်ဝတ်ရတနာ၊<br>-လက်မှုပစ္စည်း၊<br>-တိုင်းရင်းသား ရိုးရာအဝတ်အထည်နှင့် ဆင်ယင်ထုံးဖွဲ့မှု၊<br>-ကျောက်ပုံနှိပ်သည့်လက်ရာ၊<br>-ရက်လုပ်ခြင်း ပြုထားသည့်လက်ရာ၊<br>-ရွှေချည်ထိုး၊<br>-အထည်အလိပ်အဆင်၊<br>- ရုပ်ပြနမူနာ၊<br>-ပထဝီအနေအထားနှင့်ဆိုင်သော ရုပ်ပြနမူနာ၊ မြေပုံ၊ ပုံကြမ်းနှင့် သုံးဖက်မြင်လက်ရာ<br>-မြေမျက်နှာသွင်ပြင် ဖော်ပြချက်နှင့်ဆိုင်သော ရုပ်ပြနမူနာ၊ မြေပုံ၊ ပုံကြမ်းနှင့် သုံးဖက်မြင် လက်ရာ<br>-ဗိသုကာလက်ရာနှင့်ဆိုင်သော ရုပ်ပြနမူနာ၊ ပုံကြမ်းနှင့် သုံးဖက်မြင်လက်ရာ | အီလက်ထရောနစ် ကြားခံပစ္စည်းတစ်ခုခုတွင် ထည့်သွင်းထားသော မိတ္တူ သို့မဟုတ် အွန်လိုင်းဖြင့် လျှောက်ထားလျှင် အီလက်ထရောနစ်မိတ္တူ၊ (လက်ရာသည် ရုပ်လုံးကြွဖြစ်ပါက ရှေ့၊ နောက်၊ ဝဲ၊ ယာ ရိုက်ကူးထားသော ကြည်လင်ပြတ်သားသည့် ဓာတ်ပုံ (၄) ပုံ) ၏ အီလက်ထရောနစ်မိတ္တူ) |

| စဉ် | လက်ရာအမျိုးအစား | အုပ်စုတူလက်ရာအမျိုးအစား | ပူးတွဲရမည့်ပုံစံ |
| --- | --- | --- | --- |
| | | -သိပ္ပံပညာနှင့်ဆိုင်သော ရုပ်ပြနမူနာ၊ စီမံချက်၊ ပုံကြမ်းနှင့် သုံးဖက်မြင် လက်ရာ<br>-အနုစိတ်သည့် အခြားအနုပညာ လက်ရာများ၊ | |
| (ဂ) | ပြဇာတ်လက်ရာ | -ပြဇာတ်၊<br>-ပြဇာတ်ဂီတလက်ရာ၊<br>-ကိုယ်ဟန် အမူအရာဖြင့်သာ သရုပ်ဆောင်ချက်<br>-ကကွက်စီစဉ်ဖန်တီးမှုလက်ရာ၊<br>-စင်မြင့်ပေါ်တွင် တင်ဆက်သည့် အခြား စာပေ သို့မဟုတ် အနုပညာလက်ရာများ၊ (ဥပမာ- အော်ပရာ၊ အငြိမ့်၊ ရုပ်သေး၊ မျက်လှည့်နှင့် ဆက်ကပ် စသည်ဖြင့်) | လူကိုယ်တိုင်လာရောက် လျှောက်ထားခြင်းဖြစ်လျှင် အီလက်ထရောနစ် ကြားခံပစ္စည်းတစ်ခုခုတွင် ထည့်သွင်းထားသော လက်ရာတစ်ခုလုံး၏ မိတ္တူ နှင့် အီလက်ထရောနစ် မိတ္တူ(50 MB)၊<br>အွန်လိုင်းမှ လျှောက်ထား လျှင် အီလက် ထရောနစ် မိတ္တူ၊ |
| (ဃ) | တေးဂီတလက်ရာ | -စာသားပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ တေးသီချင်းနှင့် တေးဂီတလက်ရာ၊ | အီလက်ထရောနစ် ကြားခံ ပစ္စည်းတစ်ခုခုတွင် ထည့်သွင်းထားသော မိတ္တူ နှင့် ဂီတသင်္ကေတ အီလက် ထရောနစ်မိတ္တူ သို့မဟုတ် အွန်လိုင်းမှ လျှောက်ထား လျှင် အီလက်ထရောနစ် မိတ္တူ၊ |
| (င) | အရုပ်အသံလက်ရာ | -ဗီဒီယို၊<br>-ရုပ်သံဇာတ်လမ်းတွဲများ၊<br>ကြော်ငြာဗီဒီယို၊<br>Animation၊<br>Documentary | လူကိုယ်တိုင်လာရောက် လျှောက်ထားခြင်းဖြစ်လျှင် အီလက်ထရောနစ် ကြားခံပစ္စည်းတစ်ခုခုတွင် ထည့်သွင်းထားသော လက်ရာတစ်ခုလုံး၏ မိတ္တူနှင့် အီလက်ထရောနစ် မိတ္တူ (50 MB)၊<br>အွန်လိုင်းဖြင့် လျှောက်ထား လျှင် အီလက်ထရောနစ် မိတ္တူ (50 MB) |
| (စ) | ရုပ်ရှင်ဖန်တီးမှုလက်ရာ | -ရုပ်ရှင်၊ | လူကိုယ်တိုင်လာရောက် |

| စဉ် | လက်ရာအမျိုးအစား | အုပ်စုတူလက်ရာအမျိုးအစား | ပူးတွဲရမည့်ပုံစံ |
|---|---|---|---|
| | | | လျှောက်ထားခြင်းဖြစ်လျှင် အီလက်ထရောနစ် ကြားခံပစ္စည်းတစ်ခုခုတွင် ထည့်သွင်းထားသော လက်ရာတစ်ခုလုံး၏ မိတ္တူနှင့် အီလက်ထရောနစ် မိတ္တူ (50 MB)၊ အွန်လိုင်းဖြင့် လျှောက်ထားလျှင် အီလက်ထရောနစ် မိတ္တူ (50 MB) |
| (ဆ) | အသုံးချအနုပညာလက်ရာ | အလှဆင်ခြင်းပြုလုပ်ထားသည့်လက်ရာ၊(ဥပမာ- ကြွေထည်၊ မြေထည်၊ သတ္တုထည် စသည်တို့တွင် အလှဆင်ထားသည့်လက်ရာ) | အီလက်ထရောနစ် ကြားခံပစ္စည်းတစ်ခုခုတွင် ထည့်သွင်းထားသော မိတ္တူ သို့မဟုတ် အွန်လိုင်းဖြင့် လျှောက်ထားလျှင် အီလက်ထရောနစ် မိတ္တူ၊ |
| (ဇ) | ဓာတ်ပုံလက်ရာ | -ဓာတ်ပုံ၊ | အီလက်ထရောနစ် ကြားခံပစ္စည်းတစ်ခုခုတွင် ထည့်သွင်းထားသောမိတ္တူ သို့မဟုတ် အွန်လိုင်းဖြင့် လျှောက်ထားလျှင် အီလက်ထရောနစ် မိတ္တူ၊ |
| (ဈ) | ဆင့်ပွားလက်ရာများ | -ဘာသာပြန်ဆိုခြင်း၊ *ဥပမာ- (အင်္ဂလိပ်ဝတ္ထုအား မြန်မာဘာသာပြန်ဆိုခြင်း)* -မှိုင်းပြင်မ်းခြင်း၊ စီစဉ်ခြင်း၊ အခြားနည်းဖြင့် ပြောင်းလဲခြင်း၊ ပြုပြင်ခြင်း၊ *ဥပမာ- (ဝတ္ထုအား ရုပ်ရှင်ရိုက်ကူးခြင်း၊ ပြဇာတ်ကပြခြင်း)* -စာပေ သို့မဟုတ် အနုပညာလက်ရာများကို စုပေါင်းခြင်း *ဥပမာ-(စွယ်စုံကျမ်း၊ ကဗျာပေါင်းချုပ်၊ ရိုးရာဓလေ့အမွေအနှစ်များကို စုပေါင်းခြင်း)* -ရွေးချယ်ခြင်း သို့မဟုတ် စီစဉ်ခြင်းဖြင့် | အီလက်ထရောနစ် ကြားခံပစ္စည်းတစ်ခုခုတွင် ထည့်သွင်းထားသော မိတ္တူ၊ စာပေလက်ရာဖြစ်ပါက ယင်းလက်ရာ၏မိတ္တူတစ်စုံ၊ ဘာသာပြန်ဆိုခြင်း၊ လက်ရာများကို စုပေါင်းခြင်းအား စာအုပ်အနေဖြင့် ဖန်တီးထားခြင်းဖြစ်လျှင် ယင်းလက်ရာ၏ မိတ္တူ တစ်စုံ သို့မဟုတ် အွန်လိုင်းဖြင့် လျှောက်ထားလျှင် |

| စဉ် | လက်ရာအမျိုးအစား | အုပ်စုတူလက်ရာအမျိုးအစား | ပူးတွဲရမည့်ပုံစံ |
|---|---|---|---|
| | | အချက်အလက်များကို ဖတ်၍ရသည့် စက်နှင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ စုပေါင်းခြင်း၊ (စုပေါင်းရာတွင် ဖန်တီးမှုပါရှိခြင်း)<br>ဥပမာ-*ဒေတာဘေ့စ် (Database)* | အီလက်ထရောနစ် မိတ္တူ၊ |

မှတ်ချက်။ မှတ်ပုံတင်လျှောက်ထားသည့် လက်ရာအမျိုးအစားသည် ဆင့်ပွားလက်ရာဖြစ်လျှင် မူလလက်ရာ၏ ခေါင်းစဉ်နှင့် မူလလက်ရာရှင်၏အမည်၊ လက်ရာများကို စုပေါင်းခြင်းဖြစ်လျှင် အသုံးပြုခဲ့သည့် မူလလက်ရာများ၏ အစရင်းအမြစ်ကိုလည်း ထည့်သွင်းဖော်ပြရမည်။

**လက်ရာနှင့်သက်ဆိုင်သည့်အချက်အလက်များ**

၅။ (က) စာပေ သို့မဟုတ် အနုပညာလက်ရာခေါင်းစဉ်သည် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာမှ တစ်ပါး အခြားဘာသာဖြစ်ပါက မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုချက်နှင့် မြန်မာဘာသာသို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် အသံထွက် (အက္ခရာဖလှယ်မှု) တို့ကို ဖော်ပြရမည်။

(၁) လက်ရာခေါင်းစဉ်

ဥပမာ- ***Clever dog Pinky (ဘာသာပြန်ဆိုချက်)***

**chatur kutta pinkee** အသံထွက် **(**အက္ခရာဖလှယ်မှု**)**

*ဥပမာ- **ဝသုန်မိုး***

*ဥပမာ-**Finger Print Software***

*ဥပမာ-**Mobile Legends Game***

(၂) လက်ရာအမျိုးအစားအား တိကျစွာဖော်ပြချက်

ဥပမာ**-** ***ရုပ်ရှင်***

ဥပမာ**-** ***ဝတ္ထု***

ဥပမာ- ***ကွန်ပျူတာပရိုဂရမ်***

ဥပမာ- ***ဂိမ်း***

(ခ) လက်ရာဖော်ပြချက်အကျဉ်းချုပ်အား လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ ဖန်တီးထားသော စာပေ သို့မဟုတ် အနုပညာလက်ရာနှင့်စပ်လျဉ်း၍ အကျဉ်းချုပ်ဖော်ပြချက်အား အများဆုံး A4 စာမျက်နှာ ၅ မျက်နှာအထိ ကွန်ပျူတာဖြင့် ရိုက်နှိပ်ဖော်ပြရမည်**-**

(၁) **လက်ရာဖော်ပြချက်အကျဉ်းချုပ်**

ဥပမာ-

လက်ရာဖော်ပြချက်အကျဉ်းချုပ်

**ခေါင်းစဉ်-** “ *Clever dog Pinky*”

မူရင်းဝတ္ထု “**चतुर कुत्ता पिंकी**” အား ရုပ်ရှင်အဖြစ် ရိုက်ကူးထားခြင်း ဖြစ်ပါသည်။ **ရီရှက်**သည် တစ်ကောင်ကြွက်ဖြစ်၍ တစ်ဦးတည်းနေထိုင်ကာ ဘဝကို ရိုးရှင်းစွာ ဖြတ်သန်းရင်း **မာရီ** ဆိုသည့် မိန်းကလေးနှင့် အိမ်ထောင်ပြုလိုက်သည်။

ရီရှက်တို့ဇနီးမောင်နှံဘဝထဲသို့ အမှတ်မထင် ခွေးလေးတစ်ကောင် ရောက်ရှိလာပြီး **ပင်ကီ** ဟု အမည်ပေးလိုက်သည်။

တစ်နေ့ **ရီရှက်**အလုပ်သွားစဉ် လူမိုက်အဖွဲ့မှ **ရီရှက်**အားဖမ်းခေါ်သွားပြီး ရိုက်နှက်ကြသည်။ **ပင်ကီ**သည် သူ့သခင်အား လူမိုက်များလက်မှ လွတ်မြောက်စေရန် အစွမ်းကုန်ကူညီရင်း ပေးဆပ်ခဲ့ပုံကို ပုံဖော်ရိုက်ကူးထားသည့် ဇာတ်ကား တစ်ကား ဖြစ်သည်။

**မှတ်ချက်။ ဇာတ်ကားတွင် ပါဝင်သည့် သရုပ်ဆောင်၊ ဇာတ်ညွှန်းရေးသူ၊ ဒါရိုက်တာ၊ ထုတ်လုပ်သူ၊ ထုတ်လုပ်သည့်ကုမ္ပဏီတို့အား ဖော်ပြရမည်။ ဇာတ်လမ်း၏ အဓိက ကျောရိုးကိုလည်း ပြည့်စုံစွာ ဖော်ပြရမည်။**

ဥပမာ-

လက်ရာဖော်ပြချက်အကျဉ်းချုပ်

ခေါင်းစဉ်- “**ဝသုန်မိုး**”

မူလလက်ရာရှင် **David** ရေးသားထားသော **July rain** ဝတ္ထုအား ဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။ ကက်သရင်းသည် မိဘများ၏ အိမ်ထောင်ရေး အဆင်မပြေမှုများကြားမှ သူမဘဝကို မိခင်နှင့်အတူ ခက်ခဲကြမ်းတမ်းစွာ ရုန်းကန် လှုပ်ရှားရသည်။ တောင်ပိုင်းသားတို့နှင့် မြောက်ပိုင်းသားတို့မှာ မြေရှင်ပဒေသရာဇ် စနစ်နှင့် အရင်းရှင်စနစ်ကို လွန်ဆွဲနေခြင်းဖြစ်၍ မြောက်ပိုင်းသား ရစ်ချက်တို့အဖွဲ့ နှင့် ကက်သရင်းတို့အဖွဲ့ မတည့်ကြပေ။

ရစ်ချက်၏အဖွဲ့နှင့် ကက်သရင်း၏အဖွဲ့သည် ပဋိပက္ခဖြစ်လာကြသည်။ ကက်သရင်း၏ဖခင် အိုမန်မှာ အရင်းရှင်စနစ်ကို ချုပ်ကိုင်နေသူဖြစ်သည်။ ကက်သရင်းနှင့် သူမမိခင်တို့မှာ မြေရှင်ပဒေသရာဇ်စနစ်ကို ထိန်းသိမ်းရင်း တောင်ပိုင်းသားတို့၏ ဘဝကို တိုးတက်စေလိုသည်။

တောင်ပိုင်းသူ ကက်သရင်းနှင့် မြောက်ပိုင်းသားရစ်ချက်တို့ အားပြိုင်ရင်း တဖြည်းဖြည်းနှင့် နားလည်မှုများရရှိကာ တောင်ပိုင်းနှင့်မြောက်ပိုင်း အတူ လက်တွဲ၍ အောင်မြင်မှုရရှိလာသည့် ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။

**မှတ်ချက်။ ဝတ္ထု၏ အဓိကကျောရိုးကို ပြည့်စုံစွာ ဖော်ပြရမည်။**

(၂) ဆင့်ပွားလက်ရာများဖြစ်သော စာပေ သို့မဟုတ် အနုပညာလက်ရာများကို ဘာသာပြန်ဆိုခြင်း၊ မှီငြမ်းခြင်း၊ စီစဉ်ခြင်း၊ ပြောင်းလဲခြင်း၊ ပြုပြင်ခြင်းဖြစ်လျှင် မူလလက်ရာ၏ ခေါင်းစဉ်နှင့် မူလလက်ရာရှင်အမည်ကို ထည့်သွင်းဖော်ပြရမည်။

ဥပမာ- **မူလလက်ရာခေါင်းစဉ်- July rain**

**မူလလက်ရာရှင်အမည်- David**

**(၃) လက်ရာများကို စုပေါင်းခြင်းဖြစ်လျှင် အသုံးပြုခဲ့သည့် မူလလက်ရာများ၏ အရင်းအမြစ်ကို ဖော်ပြရမည်။**

(၄) အကျဉ်းချုပ်ဖော်ပြချက်အတွက် ပူးတွဲပါဝင်သော စာရွက်အရေအတွက်ကို ဖော်ပြရမည်-

ဥပမာ- **ပူးတွဲပါဝင်သော စာရွက်အရေအတွက်** ***(၂) ရွက်***

(ဂ) လျှောက်လွှာပုံစံတွင် ဖြည့်စွက်လျှောက်ထားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာကို တိတ်ခွေ၊ ဓာတ်ပြား သို့မဟုတ် အခြားကြားခံနယ်တစ်ခုခုတွင် အီလက်ထရောနစ်နည်းဖြင့် ထည့်သွင်းထားသော မိတ္တူအပြင် စာပေလက်ရာဖြစ်ပါက ယင်းစာပေလက်ရာ၏ မိတ္တူတစ်စုံကိုပါ ပူးတွဲ တင်ပြရမည်။

(ဃ) စာပေ သို့မဟုတ် အနုပညာလက်ရာကို ဖန်တီးသည့် ရက်စွဲအား ဖြည့်စွက်ရမည်-

ဥပမာ- ***ရက်စွဲ။ ၁၅-၁-၂၀၀၀***

(င) စာပေ သို့မဟုတ် အနုပညာလက်ရာကို ဖန်တီးသည့်နိုင်ငံအား ဖြည့်စွက်ရမည်-

ဥပမာ- ***မြန်မာနိုင်ငံ၊***

(စ) လက်ရာကို အများပြည်သူရရှိခံစားနိုင်စေရန် ဆောင်ရွက်သည့် ရက်စွဲအား ဖြည့်စွက်ရမည်-

ဥပမာ-***ရက်စွဲ။ ၁-၆-၂၀၀၀***

(ဆ) စာပေ သို့မဟုတ် အနုပညာလက်ရာကို ထုတ်ဝေထားခြင်း ရှိ/ မရှိ ကို ဖြည့်စွက်ရမည်။ အကယ်၍ စာပေ သို့မဟုတ် အနုပညာလက်ရာကို ထုတ်ဝေထားလျှင် ပထမအကြိမ်ထုတ်ဝေသည့် ရက်စွဲနှင့် ပထမအကြိမ် ထုတ်ဝေသည့် နိုင်ငံကို ဖြည့်စွက်ရမည်-

*လက်ရာကိုထုတ်ဝေထားခြင်း ရှိ/ မရှိ-*

ဥပမာ- ***ရှိပါသည်။***

*လက်ရာကို ထုတ်ဝေထားလျှင်-*

*ပထမအကြိမ်ထုတ်ဝေသည့် ရက်စွဲ* ***(ရက်/လ/နှစ်)***

*ဥပမာ-****ရက်စွဲ။ ၁-၁၂-၂၀၀၀***

*ပထမအကြိမ်ထုတ်ဝေသည့်နိုင်ငံ*

*ဥပမာ-****အမေရိကန်နိုင်ငံ***

(ဇ) စာပေ သို့မဟုတ် အနုပညာလက်ရာကို အခြားနိုင်ငံတွင် ပထမအကြိမ် ထုတ်ဝေထားခြင်းဖြစ်လျှင် နိုင်ငံတော်တွင် ထုတ်ဝေသည့် ရက်စွဲကို ဖြည့်စွက်ရမည်။

လက်ရာကို အခြားနိုင်ငံတွင် ပထမအကြိမ် ထုတ်ဝေထားခြင်းဖြစ်လျှင်-

*နိုင်ငံတော်တွင် ထုတ်ဝေသည့် ရက်စွဲ* ***(ရက်/လ/နှစ်)***

*ဥပမာ-**ရက်စွဲ။ ၁-၁-၂၀၀၁***

**ငွေပေးသွင်းခြင်း**

၆။ လျှောက်လွှာပုံစံ (CR-1) ၏ အမှတ်စဉ် (၆) အကွက်တွင် မှတ်ပုံတင်လျှောက်ထားခြင်းအတွက် ပေးသွင်းထား သည့် အခကြေးငွေပမာဏကို ဖော်ပြ၍ ပေးသွင်းပြီးဖြစ်သော ငွေသွင်းပြေစာအား ပူးတွဲတင်ပြရမည်-

*ဥပမာ- **ပေးသွင်းသည့် ငွေပမာဏ- ၁၀၀,၀၀၀ ကျပ်***

**လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏ လက်မှတ်**

၇။ လျှောက်လွှာပုံစံ (CR-1) ၏ အမှတ်စဉ် (၇) အကွက်တွင် အထက်ဖော်ပြပါအချက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရာတွင် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်က ရေးထိုးနိုင်ပြီး လက်မှတ်ရေးထိုးသူ၏ အမည်အပြည့်အစုံနှင့် လက်မှတ်ရေးထိုးသည့် ရက်၊ လ၊ ခုနှစ်တို့ကို ပြည့်စုံစွာဖြည့်စွက်ရမည်။ တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းအနေဖြင့် လျှောက်ထားခြင်းဖြစ်လျှင် လက်မှတ်ရေးထိုးသူ၏ရာထူးနှင့် အဖွဲ့အစည်း၏အမည်တို့ကိုပါ ဖော်ပြရမည်ဖြစ်ပြီး အဆိုပါလက်မှတ်ရေးထိုးသူ အား ယင်းအဖွဲ့အစည်းကိုယ်စား လက်မှတ်ရေးထိုးခွင့်ပြုကြောင်း အထောက်အထား ပူးတွဲတင်ပြရမည်။

၈။ ကိုယ်စားလှယ်လွှဲအပ်ခြင်းမရှိသည့် ကိစ္စရပ်တွင် လျှောက်ထားသူတစ်ဦးထက်ပိုပါက လျှောက်ထားသူ အားလုံးကိုယ်စား ဆက်သွယ်ဆောင်ရန် သဘောတူထားသည့် လျှောက်ထားသူတစ်ဦးက လက်မှတ်ရေးထိုးရမည် ဖြစ်ပြီး ပူးတွဲလျှောက်ထားသူအားလုံး၏ သဘောတူခွင့်ပြုချက်အား ပူးတွဲတင်ပြရမည်။

၉။ အီလက်ထရောနစ်နည်းဖြင့် လျှောက်ထားပါက မူရင်းမင်ဖြင့် လက်မှတ်ရေးထိုးရန်မလိုဘဲ အီလက်ထရော နစ် ပုံစံပေါ်တွင် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏အမည်ကို ဖော်ပြရမည်။

၁၀။ ပူးတွဲပါဝင်သော စာရွက်အရေအတွက်စုစုပေါင်းကို ဖော်ပြရမည်-

*ဥပမာ- **ပူးတွဲပါဝင်သော စာရွက်စုစုပေါင်းမှာ ( ၆၀) ရွက် ဖြစ်ပါသည်။***

၁၁။ မှတ်ပုံတင်ပေးရန် လျှောက်ထားသော စာပေ သို့မဟုတ် အနုပညာလက်ရာနှင့်စပ်လျဉ်း၍ လျှောက်ထားသူ အမျိုးအစားအလိုက် လျှောက်ထားချက်နှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | လျှောက်ထားသူ အမျိုးအစား | ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ |
|---|---|---|
| (က) | မူလလက်ရာရှင် | မှတ်ပုံတင်ပေးရန် လျှောက်ထားသော စာပေ သို့မဟုတ် အနုပညာ လက်ရာမှာ မိမိကိုယ်တိုင် ဖန်တီးထားခြင်း သို့မဟုတ် ပြုလုပ်ထားခြင်း ဖြစ်ကြောင်း ဝန်ခံချက်၊ |
| (ခ) | စာပေနှင့်အနုပညာ မူပိုင်ခွင့် ပိုင်ရှင်၏ အမွေဆက်ခံသူ (သား /သမီး) | ➢ စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် ကွယ်လွန်ကြောင်း အထောက် အထား၊<br>➢ မွေးစာရင်း သို့မဟုတ် အမွေဆက်ခံသူအဖြစ် သတ်မှတ်ထားသော သေတမ်းစာ သို့မဟုတ် တရားရုံးက ထုတ်ပေးသည့် |

| စဉ် | လျှောက်ထားသူ အမျိုးအစား | ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ |
|---|---|---|
| | | အမွေဆက်ခံခွင့်လက်မှတ် သို့မဟုတ် အခြားအထောက်အထား၊ |
| (ဂ) | စာပေနှင့်အနုပညာ မူပိုင်ခွင့်ပိုင်ရှင်၏ အမွေဆက်ခံသူ (ဇနီး/ခင်ပွန်း) | ➢ စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် ကွယ်လွန်ကြောင်း အထောက်အထား၊<br>➢ တရားဝင်ဇနီး၊ ခင်ပွန်းဖြစ်ကြောင်း သက်သေအထောက်အထား သို့မဟုတ် အမွေဆက်ခံသူအဖြစ် သတ်မှတ်ထားသော သေတမ်းစာ သို့မဟုတ် တရားရုံးက ထုတ်ပေးသည့် အမွေဆက်ခံခွင့်လက်မှတ် သို့မဟုတ် အခြားအထောက်အထား၊ |
| (ဃ) | စာပေနှင့်အနုပညာ မူပိုင်ခွင့်ပိုင်ရှင်၏ဇနီး/ခင်ပွန်း သို့မဟုတ် သား/သမီး မဟုတ်သော အမွေဆက်ခံသူ | ➢ စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် ကွယ်လွန်ကြောင်း သက်သေအထောက်အထား၊<br>➢ မိမိကိုယ်တိုင် အမွေဆက်ခံသူဖြစ်ကြောင်းနှင့် အခြားအမွေဆက်ခံသူ မရှိကြောင်း အထောက်အထားနှင့် ဝန်ခံချက် သို့မဟုတ် သေတမ်းစာ သို့မဟုတ် တရားရုံးက ထုတ်ပေးသည့် အမွေဆက်ခံခွင့်လက်မှတ်၊ |
| (င) | တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စီးပွားရေးဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းပေးခြင်းခံရသူ | ➢ စာပေနှင့်အနုပညာပိုင်ခွင့်ပိုင်ရှင်က စီးပွားရေးဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းကြောင်း စာဖြင့်ရေးသား လက်မှတ်ရေးထိုးထားသည့် အထောက်အထား၊ သို့မဟုတ်<br>➢ ပူးတွဲပိုင်ဆိုင်သည့် စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်များက စီးပွားရေးဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းကြောင်း စာဖြင့်ရေးသားလက်မှတ်ရေးထိုးထားသည့် အထောက်အထား၊ |
| (စ) | စီးပွားရေးဆိုင်ရာအခွင့်အရေးကို ပေးကမ်းခြင်း သို့မဟုတ် လှူဒါန်းခြင်းခံရသူ | ➢ စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်က စီးပွားရေးဆိုင်ရာအခွင့်အရေးတစ်ခုခုကို ပေးကမ်းကြောင်း သို့မဟုတ် လှူဒါန်းကြောင်း စာဖြင့်ရေးသား လက်မှတ်ရေးထိုးသည့် အထောက်အထား၊ |
| (ဆ) | ဆင့်ပွားလက်ရာ | ➢ မူလက်ရာရှင်၏ သဘောတူကြောင်း လက်မှတ်ရေးထိုးထားသည့် အထောက်အထား၊ |

၁၂။ အချက်များအားလုံးကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ရမည်။

၁၃။ လျှောက်လွှာပုံစံတွင် (*) ဖော်ပြထားသောအချက်များသည် မဖြစ်မနေ ဖြည့်စွက်ရမည့်အချက်များ ဖြစ်ပါသည်။ (*) အား နံပါတ်စဉ်၌ ဖော်ပြထားလျှင် အမှတ်စဉ်တစ်ခုလုံးတွင် ပါဝင်သည့်အချက်များကို မဖြစ်မနေ ဖြည့်စွက်ရမည်ဖြစ်သည်။

၁၄။ သက်သေအထောက်အထားနှင့်ဝန်ခံချက်တို့သည် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာမှတစ်ပါး အခြားဘာသာဖြစ်ပါက မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုချက်အား ပူးတွဲတင်ပြရမည်။ ဘာသာပြန်ဆိုချက်သည် တိကျမှန်ကန်ကြောင်း ခံဝန်ချက်ကို လျှောက်ထားသူ သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်က လက်မှတ်ရေးထိုး၍ ပူးတွဲတင်ပြရမည်။

၁၅။ လျှောက်ထားသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူမဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် ၎င်း၏အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်အဖွဲ့အစည်း တည်ထောင်ထားသည့် နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်လွှဲစာ (CR-10) မိတ္တူအား ပူးတွဲတင်ပြရမည်။

၁၆။ သက်ဆိုင်ရာစာရွက်စာတမ်းများအား လျှောက်ထားချက်နှင့်အတူ ပူးတွဲတင်ပြရမည်။

**မူပိုင်ခွင့်ဦးစီးဌာန**